# အောင်နိုင်သူများ

အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။ (ဓမ္မပဒပါဠိတော်)။

အဓိပ္ပါယ် = အမျက်ဒေါသထွက်နေသူကို အမျက်ဒေါသမထွက်ခြင်း၊ (ဝါ)မေတ္တာထားခြင်းဖြင့် အောင်နိုင်ရာ၏။ သူတော်မဟုတ် သူယုတ်မာကို သူတော်ကောင်းတရားဖြင့် အောင်နိုင်ရာ၏။ နှမြောစေးနဲသူကို ပေး ကမ်းလှူဒါန်းဖြင့် အောင်နိုင်ရာ၏။
လိမ်ညာပြောတတ်သူကို(ဝါ)ယုတ်မာကောက်ကျစ်သူကို အမှန်စကားဖြင့် (ဝါ)အမှန်တရားဖြင့် အောင်နိုင်ရာ၏။

စာရေးသူအတွက် ဤဓမ္မပဒဂါထာတော်သည် အမြဲလက်ကိုင်အသုံးပြုသော ဓမ္မအားဆေးကြီးပင်ဖြစ်ပါသည်။ ဤတရားကို ဟောကြားတော်မူသော ဤတရားအတိုင်း ကျင့်သုံးနေထိုင်တော်မူသော မြတ် စွာဘုရားကိုလည်း မြတ်နိုး၍မဆုံးနိုင်အောင်၊ ကြည်ညို၍မဆုံးနိုင်အောင် ရှိလှပါတော့သည်။ လောက၌ လူသားတိုင်း လူသားတိုင်း များသောအားဖြင့် တစ်ဦးအပေါ်တစ်ဦး အနိုင်ယူဖို့၊ အသာစီးရဖို့စိတ်ထားရှိသူ ကများနေကြပါသည်။ သူတစ်ပါးအပေါ် ကိုယ်က အနိုင်ပိုင်းလိုက်ရမှ၊ အသာစီးရလိုက်မှ၊ ကျောလိုက်ရမှ ကျေနပ်ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ကရှုံးနိမ့်လိုက်သည့်အခါ၊ သူများ ညစ်ပတ်သည်ကို ခံလိုက်ရသည့်အခါ၊ သူများက ကိုယ့်ကိုကျောသွားသည့်အခါ မကျေနပ်ချက်များ၊ ဒေသအာဃာတများ လွန်စွာဖြစ်တတ်ကြပါသည်။ ကိုယ်က သူတစ်ပါးအပေါ် မတရားပြုလုပ်သည့်အတွက်၊ အနိုင်ကျင့် စော်ကား လိုက်သည့်အတွက် နောင်သံသရာတွင် ကိုယ်ကလက်ဦး သူ့ကိုကျူးက ထူး၍သူ့ထက် ဆယ်ပြန်တက်အောင် ကိုယ်ပျက်တတ်စွာ ဓမ္မတာ တည်း ဆိုသည့် အတိုင်း ကိုယ့်အလှည့်တွင် သူများထက် ဆယ်ဆပြန်ခံ စားရမည်ကိုကား မသိကြပါလေ။

လောက၌ မတရားအနိုင်ယူသူ၊ မတရားအနိုင်ကျင့်ခံရသူ ၂မျိုးရှိရာတွင် မတရားအနိုင်ယူသာ အနိုင်ရသူဟု သာမန်လူများ တွေးထင်တတ်ကြပါသည်။ ယင်းအတွေးကာ အလွန်မှားယွင်းသော အတွေး ဖြစ်ပါသည်။ သူတစ်ပါးအပေါ် ကိုယ်က ကာယဖြင့်ကျူးလွန်ကျူးလွန်၊ ဝစီကံဖြင့် ကျူးလွန်ကျူးလွန် နောင်တစ်ချိန်ကိုယ်အလှည့်ကျရောက်လာသည့်အခါ ဆယ်ပြန်မကပိုခံစားရမည်ကို မသိကြသောကြောင့် သာ ယင်းသို့တွေးထင်နေကြခြင်းဖြစ်သည်။ ပြုသူအသစ်ဖြစ်သူ အဟောင်းဆိုသည့်အတိုင်း ပြုလုပ်သူအနေဖြင့် ကာယကံတစ်ခုခု ဝစီကံတစ်ခုခုကို ပြုလုပ်(ကျူးလွန်)လိုက်မိပါက ကံအသစ်တစ်ခုကို ပြုလုပ် လိုက်ခြင်းဖြစ်ပါသည်။

ပြုလုပ်ခံရသူအနေဖြင့် အတိတ်ကအကုသိုလ်ကံဟောင်းတစ်ခု၏ အကျိုးဆက်ကို ခံစားရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြုလုပ်သူအနေဖြင့် အကုသိုလ်ကံကြွေးအသစ်တစ်ခုတင်သွားပါသည်။ ပြုလုပ်ခံရသူသည် အကုသိုလ်ကံကြွေးကျေသွားပါသည်။ ကုသိုလ်ဘက်၌လည်း ထိုနည်းတူစွာ ယူဆနိုင်ပါသည်။

ဘုရားရှင်လက်ထက်တော်အခါက သာမာဝတီမိဖုရားနှင့် အခြွေအရံ ငါးရာတို့သည် မာဂဏ္ဍီတို့ တူဝရီးက မီးရှို့မသတ်လည်း သူတို့၏ ကံကြွေးအရ မီးလောက်သေဆုံးရမည်ဖြစ်ပါသည်။ သို့သော်လည်း သာမာဝတီအပေါ်၌လည်းကောင်း၊ သာမာဝတီတို့ အမြဲဆည်းကပ်ကိုးကွယ်နေသော ဘုရားရှင်အပေါ်၌လည်းကောင်း မလိုမုန်းထား ရန်ညှိုးဖွဲ့ခြင်းကြောင့် သာမာဝတီနှင့် အခြွေအရံငါးရာတို့ကို မီးရှို့သတ် ခဲ့ကြပါသည်။ ထို့ကြောင့် သူတို့အပေါ်၌ ကံကြွေးအသစ်တင်ရှိသွားပါသည်။ ကြီးမားလွန်သော အကုသိုလ်ကံကြွေးများကြောင့် လက်ရှိဘဝမှာပင် ရက်ရက်စက်စက် ပြန်လည်အသတ်ခံခဲ့ရပါသည်။သံသရာ၌ ကား ဆိုဘွယ်ရာမရှိတော့ပါလေ။ ဘုရားဟော ပါဠိတော် စကားလေးခွန်းကို အောက်ပါအတိုင်း ဖြန့်ထွက်တွေးတောကြည့်မိပါသည်။

## အမျက်ထွက်သူကို မေတ္တာဖြင့် အနိုင်ယူရာ၏

ဒေါသအာဃာတမီးလောင်နေသူ၊အညှိုးအတေးကြီးသူကို မေတ္တာဖြင့် အနိုင်ယူရာ၏- ဟုဆိုရာတွင် လက်ရှိအနေအထားဖြင့်ကြည့်လျှင် ဒေါသကြီးသူက ဒေါသအလျှောက် ရိုက်နှက်လိုက်မည် ဆဲဆို လိုက်မည်ဆိုပါက မေတ္တာသမားကခံရပါမည်။ မည်သို့လျှင် အနိုင်ရပါသနည်းဟုမေးဘွယ်ရှိပါသည်။ ဒေါသကြီးသူက သူလုပ်ချင်ရာကိုလုပ်လိုက်ရသည့်အတွက် သူအနိုင်ရသူဟုထင်ကောင်းထင်နိုင်ပါသည်။ ဘေးကအမြင်မှာလည်း ဤသို့ပင်ထင်ကြမည်။ အမှန်အားဖြင့် ဒေါသကြီးသူက ကိုယ့်ဒေါသကို မထိန်းသိမ်းနိုင်သည့်အတွက် ဒေါသမီးအလောက်ခံရခြင်းသည် ပထမအရှုံး။ ဥပမာ ဒေါသအလျှောက် သူတစ်ပါး ကိုမီးခဲဖြင့် ကောက်ပေါက်ပါက ကိုယ်ကအရင် အပူလောက်ခံရသကဲ့သို့တည်း။ ကိုယ့်ဒေါသအလျှောက် ကိုယ်က ကျူးလွန်မှုတစ်ခုပြုလိုက်သည့်အတွက် အကုသိုလ်ကံကြွေးအသစ် ထပ်တင်လိုက်ခြင်းသည် ဒုတိယအရှုံး။ နောင်သံသရာတွင် ကံကြွေးပြန်လည်ပေးဆပ်ရခြင်းသည် တတိယအရှုံးဖြစ်ပါသည်။ မေတ္တာသမားက ကိုယ်ကကြောက်၍မဟုတ်ဘဲ မေတ္တာစိတ်သက်သက်ဖြင့် အလျှော့ပေးလိုက်ရသည့်အ တွက် ကိုယ့်ဒေါသကို ထိန်းသိမ်းနိုင်ခြင်းသည် ပထမအောင်မြင်မှု၊ အကုသိုလ်ကံကြွေး မတင်ရှိလိုက်ခြင်းသည် ဒုတိယ အောင်မြင်မှု။ နောင်သံသရာတွင် ကံကြွေးပြန်မပေးဆပ်ရခြင်းသည် တတိယအောင် မြင်မှုဖြစ်ပါသည်။

ဤဂါထာတော်ကို ဟောကြားရခြင်း၏ အကြောင်းရင်းကို ကြည့်ပါ။ သီရိမာက ပြုလုပ်သူ။ ဥတ္တရာသူဌေးမလေးက ပြုလုပ်ခံရသူ။ သီရိမာက ဥတ္တရာကို ဒေါသကြီးစွာ ဆီပူများဖြင့်

လောင်းဖို့ရန်လာသည်။ ထိုအခြင်းအရာကို ဥတ္တရာကမြင်သည်။ သီရိမာအပေါ် ဒေါသနည်းနည်းလေးမှမထွက်ပါ။ ငါ့ယောက်ျားကို ပြုစုမည့်သူ သီရိမာရှိနေ၍သာ ငါအခုလို ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ခွင့်ရ သည်။ ကုသိုလ်ကောင်းမှု ပြုခွင့်များလည်းရသည်။ သူ့ကျေးဇူးကား အလွန်ကြီးမားလှပါဘိဟု သူ့ကျေးဇူးတရားများကိုသာအောက်မေ့ ဆင်ခြင်ပြီး မေတ္တာပို့ပေးနေသည်။ ငါသည် သီရိမာအပေါ် ဒေါသအမျက် ထားမိပါက သီရိမာ၏ဆီပူများသည်ဆီပူကဲ့သို့ပင် ငါ့အားပူလောင်ပါစေသား။ ဒေါသမထားမိပါက ဆီပူများသည် သီတာရေစင်လိုအေးပါစေသားဟု သစ္စာပြုလိုက်သည်။ ဥတ္တရာ၏ မေတ္တာနှင့်သစ္စာတန်ခိုးများ ကြောင့် သီရိမာလောင်းလိုက်သော ဆီပူများသည် သီတာရေစင်ကဲ့သို့အေးသွားခဲ့ပါသည်။ ဥတ္တရာ၏ မွှေညှင်းနနလေးများကိုပင် ဆီပူမလောင်သည်ကို အားလုံးပင် အံ့သြစွာမြင်တွေ့ကြရသည်။ နောက်ဆုံး တွင် သီရိမာက ပြစ်မှားမိသည်များကို ဝန်ချတောင်းပန်သည်။ သီရိမာလည်း သူတော်ကောင်းမလေး အရိယာမလေး တစ်ယောက်ဖြစ်သွားခဲ့ပါသည်။ ဤသာဓကကိုကြည့်ပါက သီရိမာသည် ကိုယ့်ဒေါသကို မထိန်းနိုင်သည့်အတွက် ဒေါသမီးလောင်ခံရခြင်းသည် ပထမအရှုံး။ အကုသိုလ်ကံကြွေးယူလိုက်မိခြင်းသည် ဒုတိယအရှုံး။ သံသရာတွင် ပြန်လည်ပေးဆပ်ရခြင်းသည် တတိယအရှုံးပင်ဖြစ်ပါသည်။ ဥတ္တရာ သည် ကိုယ့်ကို အကြောင်းမဲ့ စော်ကားမည့်သူကို မေတ္တာပွားများနိုင်ခြင်းသည် ကိုယ့်ဒေါသကို ထိန်းသိမ်းနိုင်သည့်အတွက် ပထမအောင်မြင်မှု။ ဒေါသပြန်မထားသည့်အတွက် လက်စားမချေ ကံကြွေးမတင်မှု သည် ဒုတိယအောင်မြင်မှု။ ကံကြွေးမပေးဆပ်ရခြင်း၊ ဘုရားရှင်ကိုယ်တိုင် ချီးမွမ်းတော်မူခြင်း၊ သီရိမာကို သူတော်ကောင်းမလေးဖြစ်အောင်စွမ်းဆောင်ပေးနိုင်ခြင်း၊ သူ၏ယောက်ျား အယူမှားမိစ္ဆာဒိဋ္ဌိအား ဗုဒ္ဓဘာသာဖြစ်လာစေခြင်း စသည်တို့သည် ဆင့်ကဲဆင့်ကဲအောင်မြင်မှုများဖြစ်ပါသည်။

## သူယုတ်မာကို သူတော်ကောင်းတရားဖြင့်အောင်နိုင်ရာ၏

သာမာဝတီနှင့် အခြွေအရံငါးရာ သူတော်ကောင်းမလေးများကို မာဂဏ္ဍီမိန်းမယုတ်က အမျိုးမျိုးကောက်ကျစ်ယုတ်မာသည်။ သာမာဝတီတို့ နန်းမဆောင်က ဥတေနမင်းကြီး တီးခတ်နေကျစောင်းအိုး ထဲတွင် မြွေပေါက်ထည့်ကာ သာမာဝတီက သေကြောင်းကြံသည်ဟု အကွက်ဆင်စွပ်စွဲသည်။ သာမာဝတီတို့က ဘုရားရှင်နှင့် တပည့်သာဝကတို့အားသာချစ်ခင် ကြည်ညိုသည် မင်းကြီးအပေါ်၌ မချစ်ခင် မကြည်ညိုဘူးဟု ခဏခဏကုန်းချောသည်။မင်းကြီးယုံကြည်အောင် မင်းကြီးရှေ့မှာပင် ကြက်အရှင် ရှစ်ကောင်ကို သာမာဝတီတို့အား မင်းကြီးအတွက်ဟင်းအဖြစ်စီမံဖို့ရန် ပို့စေသည်။ သာမာဝတီတို့ကား သောတာပန်များသာဖြစ်သောကြောင့် ငြင်းပယ်လိုက်သည်။ ထိုအခါ ယင်းကြက်အရှင်များကို မင်းကြီးမသိအောင်သတ်စေပြီးမှ ဟင်းအဖြစ်စီမံစေ၍ ဘုရားကျောင်းတော်ကို ပေးပို့လှူဒါန်းစေသည်။ ထိုအခါ သေပြီးသော ကြက်များသာဖြစ်၍ လက်ခံလိုက်သည်ကို ပင် မင်းကြီးထက်

ဘုရားနဲ့သံဃာတော်ကို မေတ္တာပိုနေသယောင် အကွက်ဆင်ကုန်းချောသည်။ ဥတေနမင်းကြီးက အထင်လွဲ ဒေါသထွက်ကာ လေးနှင့်ပစ်သတ်မည်ဟု လေးကိုတင်သော်လည်း သာမာဝတီ၏ မေတ္တာတရားကြောင့် လေးကိုလွှတ်၍မရပါ။ ယင်းကိုပင် သာမာဝတီကား ပြုစားတတ်သော ကဝေမကြီးဟု မတရားစွပ်စွဲပြန်သည်။ မည်သို့မျှ မကောင်းကြံသော်လည်း မအောင်မြင်သည့်အဆုံး သာမာဝတီတို့ နန်းမဆောင်ကြီးတစ်ခုလုံးကို မီးလောင်တိုက်သွင်းပစ်စေခဲ့သည်။ သာမာဝတီတို့သည်ကား မာဂဏ္ဍီက မည်သို့ပင် မကောင်းကြံသော်လည်း ဒေါသမထွက်ကြပါ။ မေတ္တာတရားကိုသာ အဖန်ဖန်ပွားများနေကြပါသည်။ မာဂဏ္ဍီ၏ ယုတ်မာကောက်ကျစ်မှုကို သူတော်ကောင်းတရားဖြင့် အနိုင်ယူခဲ့ကြပါသည်။ နောက်ဆုံး နန်းမဆောင်တစ်ခုလုံးမီး လောင်တိုက်သွင်းပြီး သတ်ပါသော်လည်း မေတ္တာစျာန်ကို ပွားများကာ အေးအေးဆေးဆေး ကံကြွေးဆပ်ပြသွားခဲ့ကြပါသည်။

## နမြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရာ၏

စာရေးသူ ရွှေတောင်ပါဠိတက္ကသိုလ် စာသင်တိုက်သို့ စတင်နေခါစက အလွန်ဆင်းရဲချို့တဲ့သည့်အတွက် နမြောစေးနဲလေ့ရှိခဲ့ပါသည်။ မကွေးဘက်က ဦးသောဘနကတော့ စာရေးသူလိုမဟုတ်။ ရရသမျှသော ဆွမ်းသင်္ကန်းစသည်များကို မျှဝေ၍သာ လှူဒါန်းလေ့ရှိသည်။ သူပေးသမျှကိုသာ ကိုယ်အမြဲတမ်း ယူနေရသည့်အတွက် ကိုယ့်ကိုယ်ပင်ရှက်လာမိသည်။ ကိုယ့်ဘက်ကလည်း ပြန်ပေးနိုင်အောင် ကြိုးစားဦးမှပဲ စိတ်ကူးရင်း အကြောင်းမဲ့စွာ နမြောစေးနဲသည့်စိတ်များ တစ်ဖြည်းဖြည်း လျှော့ပါးသည်ထက်လျှော့ပါးလာခဲ့ပါသည်။ ကိုယ့်အတွက်ကိုသာ နမြောတွန့်တိုနေမိတတ်သော်လည်း အများအတွက် လှူဘို့ ဒါန်းဘို့ဆိုပါက လက်တွန့်နမြောမနေတော့ပါ။ ယင်းသည် မကွေးဦးသောဘနက စာရေးသူ၏ နမြောစေးနဲသည့် မစ္ဆရိယစိတ်ကို ပေးကမ်းခြင်းဖြင့် အနိုင်ယူသွားခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူဘဝမှာလည်း ကိုယ့်ကိုပေးရမှာ နမြောနေတတ်သူများကို ကိုယ်ကပေးကမ်းခြင်းဖြင့်သာ အောင်နိုင်သူဖြစ်ခဲ့ရသော သာဓကတို့ များစွာတွေ့ကြုံခဲ့ရပါသည်။ ပစ္စည်းဥစ္စာတစ်ခုကို ရလာသည့်အခါ ကိုယ်ပိုင်ကိုယ်ဆိုင်ဟု အထင်မှားနေပါက ဆုံးရှုံးသည့်အခါ နှစ်ခါနာရသည်။ ပစ္စည်းရှုံးသည်က တစ်ခါနာရသည်။ ကိုယ်မပိုင်သည့် ပစ္စည်းများကို ကိုယ်ပိုင်ဟု စွဲလန်းနေသည့်အတွက် သူများထက်ပိုပြီး နမြောတမ်းတသောကရောက်ရသည်က တစ်ခါနာရသည်။ နမြောစေးနဲတတ်သူများ၏ လောကသည် ကျဉ်းမြောင်းပြီး အထီးကျန်သည်။ မနမြောသင့်သည်ကို နမြောနေသည့်အတွက် ကုန်သင့်သည် ထက်ပင် ပို၍ကုန်လေ့ရှိသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

## လိမ်ညာပြောတတ်သူကို မှန်ကန်သော သစ္စာစကားဖြင့် အနိုင်ယူရာ၏

လိမ်ညာပြောဆိုခြင်းသည် ပေါ့ပေါ့တန်တန် အပြစ်ကလေးဟု ထင်ရသော်လည်း မကောင်းမှုဒုစရိုက်ကို ဖြစ်စေနိုင်သည့်အတွက် အလွန်ကြီးလေးသော အပြစ်ဟုပင်ဆိုရပေမည်။

မည်သည့် မကောင်း မှုကိုပင် လုပ်ကြသည်ဖြစ်စေ လိမ်ညာမှုဖြင့် ကာကွယ်ကြသည်။ လိမ်ညာမှု အကာအကွယ်ကြီးအားကိုးဖြင့် မကောင်းမှုများကို ထင်တိုင်းကြဲနေတတ်ပါသည်။ လိမ်ညာပြောတတ်သူကိုလည်း အမှန်တရားဖြင့် အနိုင်ယူရပါမည်။ ကဇကျဒီပါယန ဇာတ်တော်၌ ကဇကျဒီပါယနရသေ့ကျောင်းသို့ သူဌေးမိသားစုလာရောက်ဖူးမြော်ကြစဉ် သူဌေးသားငယ်လေး မြွေကိုက်ခံရသည်။ ဆေးဆရာနှင့် အလှမ်းကွာလွန်းသောဒေသ ဖြစ်သောကြောင့် ဝစီသစ္စာဖြင့် ဆေးကုပေးကြသည်။ ရသေ့က ငါသည် ရသေ့ဝတ်လေသည်က ဝတ်ခါစတစ်ရက်သာပျော်ပါသည်။ ကျန်သည့် ဘဝတစ်လျှောက်လုံး မပျော်ပိုက်သော်လည်း အများက ကဲ့ရဲ့ မည်ကို ကြောက်၍သာ ရသေ့ဝတ်ဖြင့်နေလာခဲ့ရပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဤကလေး မြွေဆိပ်များ ကင်းပျောက်ပါစေသားဟုသစ္စာဆိုသည်။ သူဌေးကလည်း ငါသည် ဤလှူဒါန်းပေး ကမ်းမှုများကို ရင်ထဲက တကယ့်စေတနာသဒ္ဓါမပါသော်လည်း အများအမြင်ကြည်လင်အောင် အထင်ကြီးအောင်သာ ပြုလုပ်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဤကလေးကိုယ်ပေါ်က မြွေဆိပ် များ လျော့ကျပါစေဟု သစ္စာဆိုသည်။ သူဌေးကတော်ကလည်း ငါသည် ဤသူဌေးကို မိဘပေးစားလို့သာယူလိုက်ရသော်လည်း နည်းနည်းလေးမှ မချစ်ပါ။ ဤကလေးကို ကိုက်သောမြွေကို မုန်းသလို ဤသူ ဌေးကိုလည်း မုန်းပါသည် ဤမှန်ကန်သော သစ္စာစကားကြောင့် ကလေးထံမှ မြွေဆိပ်များ လျော့ကျပါစေသားဟု သစ္စာဆိုသည်။ ထိုသစ္စာစကားတို့၏ တန်ခိုးအာနုဘော်ကြောင့် ကလေးသည် မြွေဆိပ်များ လျော့ကျပြေပျောက်သွားခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး လိမ်ညာဖုန်းကွယ်ထားသမျှတွေကို မှန်ကန်သောသစ္စာစကားဖြင့် အနိုင်ယူခဲ့ကြသည်။ တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက ကူညီဖေးမပြုပြင်သွားကြရင်း ကောင်းသည်ထက်ကောင်း မြင့်သည်ထက်မြင့်အောင် ကျင့်ကြံနေထိုင်သွားခဲ့ကြသည်။

မြတ်ဗုဒ္ဓ၏ လေးနက်လွန်းသော ဓမ္မပဒလာ စကားလေးခွန်းကို ဖတ်ဘူးသူတိုင်း နာယူဘူးသူတိုင်း ဘဝမှာအောင်နိုင်သူအစစ်ဖြစ်အောင် မည်သို့ကျင့်ကြံနေထိုင်ရမည်ကို ရွေးချယ်ရန်စံနမူနာများ ရနိုင်မည်ဖြစ်ပါသည်။ ဒေါသအာဃာတ သမားကို မေတ္တာဖြင့် အနိုင်ယူရပါမည်။ သူယုတ်မာများကို သူတော်ကောင်းတရားဖြင့် အနိုင်ယူရပါမည်။ နှမြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရပါမည်။ လိမ် ညာပြောဆိုတတ်သူများကို မှန်ကန်သောသစ္စာစကားဖြင့်အနိုင်ယူရပါမည်။ ယင်းသို့ သူတော်တရားဖြင့် အနိုင်ယူခြင်းသည် ဘယ်သောအခါမှ မရှုံးသော အနိုင်များသာဖြစ်ပါသည်။ မတရားသောနည်းဖြင့် အနိုင်ယူခြင်းသည် သံသရာ၌ ဆယ်ခါပြန် အရှုံးကိုပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် တရားသောနည်းဖြင့် အနိုင်ယူနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသတည်း။

အရှင်ဇဝန(ကုန်းဇောင်း)